ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်
Yangon Protestant Reformed Church
တနင်္ဂနွေစာစောင်

နေ့စွဲ – ၂၃. ၅. ၁၀

## သန့်ရှင်းသောဝိညာဉ်တော် – သူ၏နေရာတိုင်းရှိနေမှု၊ သူ၏တန်ခိုး၊ အသီးအပွင့်များ
(The Holy Spirit: His Presence, Power and Fruits, Rev. Gise Van Baren)
(ယခင်ပတ်မှအဆက်)

### ၂။ သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ဆောင်မှုများ(The Work of the Holy Spirit)

ဝိညာဉ်တော်၏လုပ်ဆောင်မှုများအားလုံးကို ဤဆောင်းပါးငယ်ဖြင့် အကုန်အစင်ဖော်ပြရန် မဖြစ်နိုင်ပါ။ အချို့တို့ကိုသာ ဖော်ပြနိုင်ပါမည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်အနေနှင့် လုပ်ဆောင်သောအရာများကိုသာဖော်ပြနိုင်ပါမည်။ ပထမအနေနှင့် သခင်ခရစ်တော်၏ နှုတ်ကပတ်တော် ရေးသားခြင်းနှင့် ၄င်းအားသစ္စာရှိစွာဟောကြားသောနေရာတွင် လုပ်ဆောင်ပေးပုံကို တင်ပြပါမည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်၏လုပ်ဆောင်မှုတွင် ဤအချက်ကို အထူးအလေးပြုရန်သည် အရေးကြီးလှပါသည်။ ကျွန်တော်နောက်တကြိမ်ပြောချင်ပါသည်၊ ကျမ်းစာကိုရေးသားရန် ဘုရားသခင်၏သန့်ရှင်းသူတို့ကို လမ်းညွှန်ထိန်းကျောင်းသူသည် သခင်ခရစ်တော်၏ဝိညာဉ်တော် ဖြစ်ပါသည် (၁ပေ ၁း၁၁)။ ထိုအမှန်တရားကို ၂တိ ၃း၁၆ ၌လည်းတွေ့နိုင်ပါသည်၊ "ကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်သည်။" မှုတ်သွင်းခြင်းဆိုသည် "ဘုရားသခင်ကထွက်သက်ချလိုက်သည်"ဟုဆိုလိုရာရောက်သည်၊ ဝိညာဉ်တော်သည် ဘုရားသခင်၏ထွက်သက်ဖြစ်သည်။ ထို့အပြင် ဝိညာဉ်တော်က သခင်ယေရှု ပြောခဲ့သမျှကို မှတ်မိစေခြင်း ဖြစ်သည် (ယော ၁၄း၂၆၊ ၁ကော ၂း၁၀–၁၆)။

ထို့ကြောင့် ဝိညာဉ်တော်က ထိုနှုတ်ကပတ်တော်အားဟောပြောခြင်းကိုလည်း စေလွှတ်ခြင်းဖြစ်သည်၊ ဟောပြောခြင်းကိုလည်း ဝိညာဉ်တော်က လမ်းညွှန်ပဲ့ပြင်ကာ၊ ဘုရားသခင့်လူများကို စုစည်းခြင်း၊ သူတို့၏ယုံကြည်ခြင်းကို ခိုင်မာစေခြင်းတို့ကို ဖြစ်စေပါသည်။ သခင်ခရစ်တော်၏ဝိညာဉ်တော်အားဖြင့်နှုတ်ကပတ်တော်ဟောကြားသူများကို စေလွှတ်ခြင်းဖြစ်သည်။ တမန်တော်ဝတ္ထုက သခင်ခရစ်တော်၏ဝိညာဉ်တော်သည် နှုတ်ကပတ်တော်ကို၄င်း၊ နှုတ်ကပတ်တော်ဟောကြားသူသင်းအုပ်များကို၄င်း မည်ကဲ့သို့စေလွှတ်ကြောင်းနှင့် မည်ကဲ့သို့ သခင်ခရစ်တော်၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ကြောင်း အထူးသဖြင့် ပြောပြပါသည်။ ဝိညာဉ်တော်သည် ဖိလိပ္ပုကို အီသီယိုပီးယန်းအမတ်ထံချည်းကပ်၍ ဧဝံဂေလိပြောစေပါသည်(တမန် ၈း၂၉)။ ဝိညာဉ်တော်က ပေတရုကို ရောမစစ်ဗိုလ် ကောနေလိအိမ်သို့ စေလွှတ်ပါသည် (တမန် ၁၀း၁၉၊ ၁၁း၁၂)။ သန့်ရှင်းသောဝိညာဉ်တော်က အန္တိအုတ်အသင်းတော်ခေါင်းဆောင်များမှတဆင့် ပေါလုနှင့်ဗာနဗကို သူတို့၏ပထမသာသနာပြုခရီးသွားရန် စေလွှတ်ပါသည် (တမန် ၁၃း၂)။ သာသနာပြုဆရာများ မည်သည့်နေရာသွားရမည် ဆိုသည်ကိုလည်း ဝိညာဉ်တော်က ထိန်းသိမ်းလမ်းညွှန်ပါသည်၊ ထို့ကြောင့် သူတို့ကို ဗိသုနိပြည်သို့ သွားခွင့်မပေးပါ (တမန် ၁၆း၇)။ ထိုအချက်နှင့်ညီစွာ ရောမ ၁၀း၁၅ က တရားဟောဆရာကိုလည်း စေလွှတ်ရမည်ဟု အထူးပြု၍ ပြောနေပါသည်။ ထိုစေလွှတ်ခြင်းသည် အသင်းတော်အားဖြင့်ဖြစ်၍ ခရစ်တော် ၏ဝိညာဉ်တော်၏ လမ်းညွှန်မှုအောက်မှဖြစ်ပါသည်။

နှုတ်ကပတ်တော်ဟောကြားခြင်းက ဝိညာသ်တော်၏တန်ခိုးကို ပြသပါသည်။ ထိုအချက်ကို ရှင်ပေါလုက ၁ကော ၂း၂–၄တွင် ဖော်ပြသည်၊ "အကြောင်းမူကား ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါ မသိမှတ်ဟု ငါ စိတ်ပြဌာန်းခြင်းရှိ ၏၊ ... ငါ့စကား ငါ့ဒေသနာသည် လူ့ပညာနှင်ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်၊ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာတန်ခိုးနှင့်တကွ ရှိ၏။" ထို့အပြင် ၁ကော ၁၂း၃၌လည်း ဤသို့ပြောသည် "ယေရှုသည် သခင်ဘုရားဖြစ်တော်မူ၏ဟု သန့်ရှင်းသောဝိညာဉ်တော်ကို အမှီမပြုလျှင်၊ အဘယ်သူမျှ မပြော နိုင်။"

ထိုဝိညာဉ်တော်ကပင် သူစေလွှတ်သော နှုတ်ကပတ်တော်သည် လက်တွေ့အသီးအပွင့်ရှိလာအောင် လုပ်ဆောင်တော်မူသည်၊ ထို့သို့ဖြင့် ရွေးကောက်ခြင်းခံရသောအပြစ်သားသည် တုန့်ပြန်လာပါသည်။ ရောမ ၈း ၁၅၊ ၁၆ကို သိတိပြုကြည့်ပါ၊ "အကြောင်းမူကား သင်တို့သည် တဖန် ကြောက်ရွံ့တတ်သော ကျွန်၏သဘောကို ရကြသည်မဟုတ်၊ အဗ္ဗအဘဟု ခေါ်ရသောအခွင့်နှင့် သားဖြစ်ခြင်းသဘောကို ရကြပြီ၊ ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏။" ဤအမှန်တရားနှင့်ပတ်သက်၍ ၁ယော ၃း၂၄ကိုလည်း ဖေါ်ပြနိုင်ပါမည်၊ "ပညတ်တော်တို့ကို စောင့်သောသူသည် ဘုရားသခင်၌တည်၏၊ ထိုသူ၌လည်း ဘုရားသခင် တည်တော်မူ၏၊ ငါတို့အားပေးတော်မူသော ဝိညာဉ်တော်ကို ငါတို့သည် အမှီပြု၍၊ ဘုရားသခင်သည် ငါတို့၌တည်တော်မူသည်ကို သိရကြ၏။"

ထို့ကြောင့် ဘုရားသခင်၏သားသမီးသည်၊ ဝိညာဉ်တော်၏အလုပ်ကို တကယ်စိတ်ဝင်စားသောအခါ၊ ယနေ့ခေတ် လူအများက ကြွားဝါနေကြသော အထူးဆုကျေးဇူးဆိုသည်မျိုးကို ရှာဖွေမည်မဟုတ်ပါ၊ ထိုမှဆန့် ကျင်စွာ သူသည် ဘုရားသခင်၏နှုတ်ပတ်တော်ကိုသာ ရှာဖွေဂရုစိုက်မည်ဖြစ်သည်၊ နှုတ်ကပတ်တော်ကို ကောင်းမွန်စွာဟောကြားခြင်းကိုသာ ဂရုစိုက်ရှာဖွေမည်ဖြစ်ပါသည်။ ထိုနှုတ်ကပတ်တော်ကို စစ်မှန်စွာဟော ပြောခြင်း၌သာ သူသည် အသင်းတော်အတွင်း ဝိညာဉ်တော်၏လုပ်ကိုင်လှုပ်ရှားခြင်း၏ လုပမှုကို တွေ့မည် ဖြစ်သည်၊ အသင်းသူသားတယောက်ချင်းစီ၏အသက်တာတွင်လည်း ဝိညာဉ်တော်၏လှုပ်ရှားခြင်း၏ လှပမှု ကို နှုတ်ကပတ်တော်သေချာစွာဟောပြောခြင်း၌ ဗဟိုပြု၍သာ ကြည့်မြင်မည်ဖြစ်သည်။ ထို့အပြင် ထိုသို့ ဝိညာဉ်တော်လှုပ်ရှားရာ၌လည်း သခင်ခရစ်တော်၏ဝိညာဉ်တော်အဖြစ်နှင့်သာ လှုပ်ရှားသည်ဆိုသည်ကို လည်း သူ သတိပြုမိပါလိမ့်မည်။

သခင်ခရစ်တော်၏ကိုယ်ခန္ဓာ(အသင်းတော်)ကို လမ်းညွှန်ခြင်း၊ အုပ်ချုပ်ခြင်း အလုပ်များတွင် ဝိညာဉ်တော်၏လုပ်ဆောင်မှုများကို တွေ့ရပါမည်။ ထိုအလုပ်များကိုလည်း သခင်ခရစ်တော်၏ဝိညာဉ်တော်အနေနှင့် လုပ်ကိုင်ခြင်းဖြစ်ပါသည်။ ၁ကော ၁၂း၁၃ "ငါတို့ရှိသမျှသည် ဝိညာဉ်တော်တပါးတည်းအားဖြင့် တကိုယ်တည်းထဲသို့ ဗတ္တိဇံကို ခံကြ၏၊ ...တဝိညာဉ်ထဲသို့လည်း သောက်ကြ၏။" ဖေက် ၄း၄ တွင်လည်း ထိုသို့ပင် တွေ့ရပါသည်၊ "သင်တို့ကို ခေါ်တော်မူခြင်းနှင့်စပ်ဆိုင်သော မျှော်လင့်ခြင်းတပါးတည်းသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ၊ ကိုယ်တကိုယ်၊ ဝိညာဉ်တဝိညာဉ်တည်းရှိ၏။"

သခင်ခရစ်တော်၏ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို ယုံကြည်သူတယောက်ချင်းစီ၏အသက်တာတွင်လည်း တွေ့ရပါသည်။ အမှန်ပြောရလျှင်၊ မဖြစ်မနေတွေ့ရမည်ဖြစ်သည်။ ကျမ်းစာက ဝိညာဉ်တော်နှင့်သူ၏အလိုတော်ကို လစ်လျူရှုခြင်းအား သတိပေးထားပါသည်။ ဓမ္မသစ်အသင်းတော်၏ အစပိုင်းသမိုင်းကြောင်းတွင်၊ အာနနိနှင့်ရှဖိရိတို့က ဝိညာဉ်တော်ကို လိမ်ညာရန်ကြိုးစားခြင်းမှတ်တမ်းကို တွေ့ရပါသည်(တမန်၅း၃)။ ၁သက် ၅း၁၉က အံ့အားသင့်လောက်စရာ သတိပေးထားပါသည် "ဝိညာဉ်တော်အရှိန်ကို မငြိမ်းစေကြနှင့်၊" ထို့အတူ ဖေက်၄း၃၀တွင်လဲ တွေ့ရပါသည်၊ "ရွေးနှုတ်ခြင်းနေ့ရက်တိုင်အောင် သင်တို့ကို တံဆိပ်ခတ်နှိပ်တော်မူသော ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်ကို စိတ်မနာစေကြနှင့်။" ထိုကျမ်းပိုဒ်များက ဘာကိုသိသာစေသနည်းဆိုသော်၊ ထိုသို့သောအပြစ်မျိုးကို အသင်းတော်ထဲတွင် အသင်းသားအချို့တို့က တကယ်ပင် ကျူးလွန်နိုင်ကြပါသည် ဆိုသည့်အချက်ကိုဖြစ်သည်။

ယုံကြည်သူတယောက်ချင်းစီ၏အသက်၌ သခင်ခရစ်တော်၏ဝိညာဉ်တော်၏ လုပ်ဆောင်မှုနှင့် တန်ခိုးစွမ်းအားကို နှစ်ပိုင်းပိုင်း၍ နားလည်နိုင်ပါမည်၊ အသက်ရှင်ခြင်းကို လက်ဆောင်ပေးခြင်းနှင့် ဘုရားတရားကြောက်ရွံ့ရှိသေခြင်းအသက်တာကို လက်ဆောင်အဖြစ်ပေးတော်မူခြင်းတို့ဖြစ်ပါသည်။ ဂလာတိ ၅း၂၅က ထိုသို့ပြောပါသည်၊ "သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်ကြလျှင်၊ ဝိညာဉ်ပကတိအတိုင်း ကျင့်ကြကုန်အံ့။"

ပထမပိုင်းနှင့်ပတ်သက်၍ တိုတိုတုတ်တုတ် ပြောနိုင်ပါမည်။ ရွေးကောက်ခြင်းခံရသူ အပြစ်သား တယောက်၏ ဩတ္တပစိတ်ထဲတွင် ဝိညာဉ်တော်က စ၍လုပ်ကိုင်ပါသည်၊ သူ၏နှလုံးသားထဲ ခရစ်တော်၏အသက်ရှင်ခြင်းကို စတင်စိုက်ပျိုးခြင်းဖြစ်သည်။ ထိုအလုပ်ကို အသစ်ပြုပြင်ခြင်း(regeneration)ဟုခေါ်ပါသည်။

ယော ၃း၅တွင် သခင်ယေရှုက ပြေပြထားပါသည်၊ “ရေနှင့်ဝိညာဉ်တော် မမွေးသောသူမည်သည်ကား၊ ဘုရားသခင်၏နိုင်ငံတော်သို့ မဝင်ရ။” အသစ်ပြုပြင်ပြောင်းလဲခြင်းသည် ဤလောကအရာများကိုသုံးခြင်းဖြင့် ဖြစ်စေနိုင်သည်မဟုတ်ပါ၊ ထို့အတူ အပြစ်သားနှင့်ဘုရား အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဖြင့်လဲ မဟုတ်ပါ၊ ဝိညာဉ်တော်၏တန်ခိုးတော်က တိုက်ရိုက်လုပ်ပေးတော်မူခြင်းဖြစ်သည်။ သခင်ယေရှုက ယော ၃း၃တွင် ထို အသစ်မွေးခြင်းမရှိပါက ကောင်းကင်နိုင်ငံတော်ကို မြင်ပင်မမြင်နိုင်ပါဟု ပြောပါသည်။

နှုတ်ကပတ်တော်ဟောကြားခြင်း၊ အပြစ်သား၏နှလုံးသား၌ ထိုဟောကြားမှုကို ယုံကြည်လာခြင်းစသည့် “ခေါ်တော်မူခြင်း”(the call)ဆိုသည့်အလုပ်ကိုလဲ သခင်ခရစ်တော်၏ဝိညာဉ်တော်က လုပ်ကိုင်ပေးပါသည်။ ထို “ကြားခြင်း” “ယုံကြည်ခြင်း”စသည်တို့ကိုလည်း၊ ဘုရားသခင်က နှုတ်ကပတ်တော်ဟောကြားခြင်းနည်းလမ်းကို အသုံးပြုသော်လည်း၊ တကယ်တမ်းတွင် ဝိညာဉ်တော်ကသာလျှင် ဘုရားသခင်၏ထိုဒီဇိုင်းကို တကယ်အကောင်အထည်ဖေါ်ခြင်းဖြစ်သည်။ သူ့လူများ နောင်တရကြလျှက်၊ ဘုရားသခင်ကို သူတို့၏ကယ်တင်သောဘုရားသခင်အဖြစ် ယုံကြည်လာရန် ဝိညာဉ်တော်ကသာလုပ်ပေးပါသည်။ ထိုအလုပ်သည် ဘုရားသခင်၏ တန်ခိုးကြီးလှသောအလုပ်ဖြစ်ကြောင်း ရော ၈း၃၀က ပြောပါသည်၊ “ထိုသို့ ခွဲခန့်မှတ်သားနှင့်သောသူတို့ကို ခေါ်တော်မူ၏။” သခင်ခရစ်တော်၏နှုတ်တော်ထွက်နှင့်လည်း ကိုက်ညီပါသည်၊ “ခမည်းတော်သည် ငါ့အား ပေးတော်မူသမျှသောသူတို့သည် ငါ့ထံသို့ လာကြလိမ့်မည်” ယော ၆း၃၇။

ယခုပြောမည်အချက်သည် ကျွန်တော်တို့ဆွေးနွေးနေသောအချက်နှင့်သိပ်မဆိုင်သော်လည်း ဝိညာဉ်တော်၏အလုပ်နှင့်ပတ်သက်၍ နားလည်ဖို့အရေးကြီးပါသည်။ ၎င်းမှာ ဧဝံဂေလိတရားဟောကြားခြင်းတွင် တကယ့်အသီးအပွင့်ကိုဖြစ်စေသူသည် ဝိညာဉ်တော်၏အလုပ်သာဖြစ်ကြောင်း အမြဲအထူးပြုနားလည်ရမည်ဖြစ်သည်။ ရွေးကောက်ခြင်းခံရသောအပြစ်သားကို အသစ်ပြုပြင်လျှက်၊ ခေါ်တော်မူလျှက် ကယ်တင်ခြင်းကို ရရှိအောင်၊ စွမ်းဆောင်ပေးသော ဝိညာဉ်တော်၏တန်ခိုးတော်ကို ဧဝံဂေလိတရားဟောကြားရာတွင် လစ်လျူရှုကြသည့်အခါ၊ ဝိညာဉ်တော်သည် မည်သည့်အလုပ်ကို လုပ်ပါသနည်းဟု ရှုတ်ထွေးလာကြပါသည်။ ထိုသို့ဖြစ်ခြင်း၏ ဝမ်းနည်းစရာရလဒ်မှာ ဝိညာဉ်တော်အကြောင်းသင်ကြမည်ဟု စုဝေးကြလေတိုင်း၊ ပြောကြသည်မှာ အခြားသောဘာသာစကားပြောခြင်း၊ အံ့ဩဖွယ်နိမိတ်လက္ခဏာများလုပ်ကိုင်နိုင်ခြင်း၊ (သို့) “အတွင်း၌ရသောအလင်းတရား” စသည့်အရာတို့သာ ဖြစ်လာပါတော့သည်။ ထိုသို့ ဝိညာဉ်တော်၏အလုပ်ကို လွဲမှားစွာသဘောပေါက်၍ ဖြစ်ပေါ်လာသောရလဒ်ဆိုးများက ဘုရားသခင့်သားသမီးတယောက်ကို ဝိညာဉ်တော်အကြောင်း သေချာစွာသိနားလည်ခြင်း၏အရေးကြီးပုံကို ပို၍အထူးပြုလာစေပါမည်။

ဘုရားသခင့်နှုတ်ကပတ်တော်ကို ယုံကြည်သူတယောက်ချင်းအသက်တာတို့၌ လက်တွေ့အသက်ရှင်နိုင်ရန် ဝိညာဉ်တော်က လုပ်ဆောင်ပေးသည်ဆိုသည့်ကျမ်းပိုဒ်တို့သည် ဓမ္မသစ်ကျမ်းတွင် မနည်းမနော ရှိနေပါသည်။ ဖေက် ၅း၉၊ ဂလာတိ ၅း၂၂တို့တွင် “ဝိညာဉ်တော်၏အသီးအပွင့်များ”ကို ဖတ်နိုင်ပါသည်။ ဖေက် ၅း၁၈တွင် “ဝိညာဉ်တော်နှင့်ပြည့်စုံခြင်း”ဟုဖတ်ရပါသည်။ ဂလာတိ ၅း၁၆၊ ရော ၈း၁၊ ၄ တို့တွင် “ဝိညာဉ်ပကတိအတိုင်းကျင့်ခြင်း၊” ဂလာတိ ၆း၈ တွင် “ဝိညာဉ်ပကတိ၌မျိုးစေ့ကြဲခြင်း၊” ရောမ ၈း၅ ၌ “ဝိညာဉ်တော်နှင့်ဆိုင်သောအရာတို့ကို စွဲလမ်းခြင်း၊” ရောမ ၈း၁၄ ၌ “ဘုရားသခင့်ဝိညာဉ်တော်၏ ဆုံးမပဲ့ပြင်ခြင်းကို ခံရသူ၊” ၁ကော ၁၂း၃ ၌ “ဘုရားသခင့်ဝိညာဉ်တော်အားဖြင့် ဟောပြောခြင်း၊” ရောမ ၈း၉၊ ၁၁ ၌ “ဘုရားသခင့်ဝိညာဉ်တော်သည် သင်တို့အထဲ၌ ကျိန်းဝပ်သည်” စသည့်စကားလုံးများကို တွေ့ရပါသည်။

ပထမအနေနှင့် ဝိညာဉ်တော်သည် သခင်ခရစ်တော်၏ဝိညာဉ်တော်အနေနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်မှတဆင့် အသင်းတော်အတွက် အမှုတော်ဆောင်များကို ပေးတော်မူကြောင်း ၁ကော ၁၂း၂၈ က ပြောပါသည်၊ “ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကို၄င်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကို၄င်း၊ တတိယအရာ၌ ဆရာတို့ကို၄င်း၊ ထို့နောက် တန်ခိုးပြသောသူတို့ကို၄င်း၊ ထို့နောက် အနာရောဂါကို ငြိမ်းစေနိုင်သောအခွင့် ရှိသောသူတို့ကို၄င်း၊ သင်းထောက်တို့ကို၄င်း၊ စီရင်အုပ်စိုးသူတို့ကို၄င်း၊ အမျိုးမျိုးသောဘာသာစကားကို ပြောနိုင်သူတို့ကို၄င်း အသင်းတော်၌ ခန့်ထားတော်မူ၏။” အဓိကပြောပြချင်သည်မှာ အသင်းတော်၏အမှုတော်ဆောင်ဌာနများတွင် အမှုဆောင်ကြမည့်သူများကို ဘုရားသခင်က ပံ့ပိုးပေးပါသည်ဆိုသည့်အချက်ဖြစ်သည်၊ ထိုသို့ပံ့ပိုးခြင်းသည် ဝိညာဉ်တော်၏လက်ဆောင်ဖြစ်သည်။ ထိုအမှန်တရားကို ဖေက်၄း၁၁၊

၁၂ တွင်လည်း တွေ့နိုင်သည်၊ "ခရစ်တော်၏ကိုယ်တော်ကို တည်ဆောက်၍ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှာ၊ ထိုသခင်သည် လူအချို့တို့ကို တမန်တော်အရာ၌၄င်း၊ အချို့တို့ကို ပရောဖက်အရာ၌၄င်း၊ အချို့တို့ကို သာသနာပြုအရာ၌၄င်း၊ အချို့တို့ကို သင်းအုပ်အရာ၌၄င်း၊ ဆရာအရာ၌၄င်း ခန့်ထားတော်မူ၏။" ဝိညာဉ်တော်က သခင်ခရစ်တော်၏ကိုယ်ခန္ဓာဖြစ်သောအသင်းတော်တွင် ဤအမှုတော်ဆောင်များကို ပံ့ပိုးပေးသည်၊ ထိုသို့ဖြင့် သူ၏အသင်းတော်က ခရစ်တော်၏ဥာနကို ရောင်ပြန်ထင်ဟပ်နိုင်ရန် ဖြစ်သည်။ တချိန်ထဲတွင် သတိပြုရမည်မှာ ဝိညာဉ်တော်က ထိုအမှုတော်ဆောင်များအား အသင်းတော်ကို အုပ်ချုပ်ရန်၊ ဂရုဏာကိုပြသရန်၊ သင်ကြားပေးရန် အသင်းတော်ကမသိဘဲ ထူးဆန်းစွာ ခေါ်လာခြင်း မဟုတ်ကြောင်းကို ဖြစ်သည်။ ထိုမှဆန့်ကျင်စွာ ၁တိ ၃ ကပြထားသည့်အတိုင်း ထိုအမှုတော်ဆောင်များကို သူတို့၏ဝိညာဉ်ရေးရာတိုးတက်မှု၊ ဘုရားတရားရှိသေလေးစားစွာ အသက်ရှင်မှုတို့ကို ကြည့်ပြီးလျှင် အသင်းတော်အတွင်းရှိ အသင်းသားများထဲမှ ရွေးချယ်ရမည်ဖြစ်သည်။ အသင်းတော်တခုလုံးရှေ့တွင် ထိုသို့သော သန့်ရှင်းစင်ကြယ်စွာအသက်ရှင်သူကို ရွေးချယ်ကြခြင်းသည် အမြဲတမ်းတွေ့ရသော သက်သေဖြစ်ပါသည်။ ထိုသို့သောသူများသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို စိတ်မှသိလျှက်၊ လူရှေ့ဘုရားရှေ့တွင်ပွင့်လင်းစွာ ချစ်မြတ်နိုးကြကြောင်းတွေ့ရပါသည်၊ ထိုသူများကို အသင်းတော်က အမှုတော်ဆောင်ရန် ရွေးချယ်ကြခြင်းဖြစ်သည်၊ သူတို့သည် ဝိညာဉ်တော်ကပေးသော လက်ဆောင်များဖြစ်ကြပါသည်။

ကျမ်းစာက ယုံကြည်သူတို့နေ့တိုင်းအသက်ရှင်မှုတွင်တွေ့ရမည့် ဝိညာဉ်တော်၏ ဆုကျေးဇူးမျိုးစုံကို ပြောပြပါသည်။ ဂလာတိ ၅း၂၂၊၂၃တွင် ဝိညာဉ်တော်၏အသီးအပွင့်များကို တွေ့နိုင်ပါသည်၊ "ဝိညာဉ်ပကတိ ၏ အကျိုးဟူမူကား ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ် ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း (ချင့်ချင့်ချိန်ချိန်ထိန်းထိန်းသိမ်းသိမ်းရှိ ခြင်း) ပေတည်း၊ ထိုသို့သော အကျင့်ကို အဘယ်တရားမျှ မမြစ်တား။" ထို့အတူ ဖေက် ၅း၁၈–၂၀ ကလည်း ဝိညာဉ်တော်နှင့်ပြည့်ဝသောအခါ သီချင်းဆိုလျှက်၊ ဘုရားသခင်ကို ကျေးဇူးတင်တတ်ပါသည်ဟု ပြောပါ သည်။ ၁ကော ၁၂း၃၁ က "အကောင်းဆုံးသော ဆုကျေးဇူးကို လိုချင်ပါ"ဟု အားပေးထားပါသည်။ ၁ကော ၁၄ တွင် ပရောဖက်ဖက်ပြုခြင်း(တရားဟောခြင်းကိုဆိုလို)ကို တန်ဖိုးထားရမည်ဟုပြောသည်။ ဉာဏ်ပညာ၏ လက်ဆောင်များရှိသည်ဟု ၁ကော ၁၂း၈ ကပြောသည်။ အသိပညာဆုကျေးဇူး (၂တိ ၁း၅)၊ သီးခံခြင်းဆု ကျေးဇူး (ရောမ ၅း၃)၊ သနားတတ်ခြင်းဆုကျေးဇူး (ရောမ ၁၂း၈) နှင့်အခြားအများရှိသေးသည်ဟုလည်း ကျမ်းစာကပြောနေပါသည်။

ပထမအနေနှင့် ထိုသခင်ခရစ်တော်၏ဝိညာဉ်တော်၏လက်ဆောင်များကို ဝိညာဉ်တော်က သူအလိုရှိသည်အတိုင်း ယုံကြည်သူတယောက်ချင်းစီကို ပေးဝေထားပါသည် ၁ကော ၁၂း၁၁။ သခင်ခရစ်တော်၏ ဝိညာဉ်တော်က ထိုလက်ဆောင်များကို တကယ်ပင်ပေးထားပါသည်၊ သခင်ခရစ်တော်၏ကိုယ်ခန္ဓာ(အသင်းတော်)အတွင်း တယောက်စီ၏ အခြေအနေနှင့်အညီ ပေးထားပါသည်။ ဒုတိယအနေနှင့် ထိုလက်ဆောင်များကို မိမိနာမည်ကြီးဖို့ ပေးထားသည်မဟုတ်ပါ၊ လူအများ၏ချီးမွမ်းခြင်းခံဖို့လည်း ပေးထားသည်မဟုတ်ပါ။ အထူးသဖြင့် အသင်းတော်ခွန်းအားရရန် ပေးခြင်းဖြစ်သည် ၁ကော ၁၄း၁၂။ ထိုအချက်ကို အမြဲတမ်းမှတ်ထားရမည်ဖြစ်သည်။

ထိုလက်ဆောင်များ(ဆုကျေးဇူးများ)ကို လျှို့ဝှက်နက်နဲစွာ၊ ဂန္တီရဆန်ဆန် ပေးထားသည်မဟုတ်ပါ၊ အင်မတန်တိကျသောနည်းလမ်းဖြင့် ပေးထားခြင်းဖြစ်သည်။ ဘုရားသခင်က ကျွန်တော်တို့ မွေးကထဲကပေးထားသာမွေးရာပါအတတ်ပညာများကို ဝိညာဉ်တော်က အသုံးပြုခြင်းဖြစ်သည်။ လူတိုင်းသည် မွေးရာပါ တတ်စွမ်းနိုင်မှုများတွင် တူညီကြသည်မဟုတ်ပါ။ အချို့သည် ပို၍ဉာဏ်ကောင်းကြပါသည်။ အချို့တို့သည် နေရာတချို့တွင် သူများထက် ပို၍ တတ်စွမ်းနိုင်ကြောင်း ပြသနေပါသည်။ ဝိညာဉ်တော်က ထိုမွေးရာပါ တတ်ကျွမ်းနိုင်စွမ်းများကို သုံးလျှက်၊ ပို၍တိုးတက်လာရန် လမ်းညွှန်မှုပေးလျှက်၊ ဘုရားသခင့်နာမတော်အတွက် သုံးလာနိုင်စေပါသည်။ ထို့အပြင် ဝိညာဉ်တော်က အသစ်ပြုပြင်ပြောင်းလဲမှုဖြစ်ချိန်တွင် ဝိညာဉ်ရေးရာ အသီးအပွင့်များဖြစ်ကြသည့် ချစ်ခြင်း၊ သနားတတ်ခြင်း၊ ယုံကြည်ခြင်း တို့ကို မျိုးစေ့အဆင့်နှင့် ထပ်ပေးပါသည်။ ထိုမျိုးစေ့တို့သည် ပြောင်းလဲသောအသက်တာ၌ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေစွာ အသက်ရှင်ခြင်း

ဖြင့် ဖူးပွင့်လာကြမည်ဖြစ်သည်။ တတိယအနေနှင့်၊ ဝိညာဉ်တော်သည် ထိုလက်ဆောင်များကို သခင်ခရစ်တော်၏ နှုတ်ကပတ်တော်အားဖြင့် ယုံကြည်သူတို့ ၏အသက်တာများ၌ နည်းလမ်းတချို့ကိုသုံးလျှက် ပို၍ ဖွံ့ဖြိုးတိုးတက်ကြီးပြင်းလာရန် လမ်းညွှန်ပေးသည်။ ထိုနည်းလမ်းတို့မှာ တာရားဒေသနာဟောခြင်းကိုနားထောင်ခြင်း၊ သစ္စာရှိသောယုံကြည်သူတယောက်က လုံးလဝီရိယရှိစွာ ကြိုးပမ်းခြင်း၊ ဘုရားသခင်ထံဆုတောင်းပြင်း စသည်တို့ဖြစ်သည်။ ထိုနည်းလမ်းများဖြင့် ယုံကြည်သူတယောက်သည် သူ၏လက်ဆောင်များပို၍တိုးတက်ဖွံ့ဖြိုးလာသည်ကို ဝမ်းမြောက်ပျော်ရွှင်စွာ သိမြင်ခံစားလာမည်ဖြစ်သည်။ ထိုလက်ဆောင်များသည် ပေးသည်နှင့်တခါတည်း ပြည့်စုံနေကြသည်မဟုတ်ပါ။ သို့သော် တိုးတက်လာဖို့ပေးထားခြင်းဖြစ်သည်။ ဘုရားသခင့်သားသမီးတို့အသက်တာတွင် တွေ့မြင်နိုင်မည်ဖြစ်သည်။

+++++++++++++++++++++++++++++++++

## ပြန်လည်ပြုပြင်သော(ရီဖေါမ်)ယုံကြည်ချက်

(The Reformed Faith by Rev. G. Van Baren)

မြွေဟောင်းခေတ်က ပရောဖက်တွေက ယုဒလူမျိုးထံမှာ သူတို့တွေကြုံနေရတဲ့ အန္တရယ်နဲ့ပတ်သက်ပြီး အခုလို ကြေညာခဲ့ကြပါတယ်၊ "ငါ့လူတို့သည် (အသိ)ပညာနည်းသောကြောင့် ဆုံးရှုံး(ဖျက်ဆီးခံ)ကြ၏၊ သင်သည် (အသိ)ပညာကိုပယ်သောကြောင့်၊ ငါ့ယဇ်ပုရောဟိတ်အဖြစ်သို့ မရောက်စေခြင်းငှာ သင့်ကိုငါပယ်မည်။ သင်၏ဘုရားသခင့်(ပညတ်တော်)တရားကို သင်မေ့လျော့သောကြောင့် သင်၏သားသမီးတို့ကို ငါမေ့လျော့မည်" ဟောရှေ ၄း၆။ ပြီးတော့ ပရောဖက်အာမုတ်ကလဲ ဒီလိုသတိပေးပါတယ်၊ "အရှင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ မွတ်သိပ်ခြင်းဘေးကို တပြည်လုံး၌ ငါဖြစ်စေသောကာလရောက်လိမ့်မည်၊ အစာခေါင်းပါး၍ မွတ်သိပ်ခြင်းမဟုတ်၊ ရေငတ်ခြင်းဘေးလည်းမဟုတ်၊ ထာဝရဘုရား၏နှုတ်ကပတ်တော်ကို မကြားရသော မွတ်သိပ်ခြင်းဘေး ဖြစ်လိမ့်မည်" အာမုတ် ၈း၁၁။

ကျွန်တော်တို့အသက်ရှင်နေတဲ့အချိန်ဟာလဲ အဲဒီမြွေဟောင်းချိန်က ပရောဖက်တွေပြောသလိုဘဲဖြစ်နေပြီဆိုတာကို သတိထားမိကြပါတယ်။ လန်ဒန်တိုင်းမ်သတင်းစာ၊ ဇန္နဝါရီ ၃၀၊ ၁၉၉၃ ထုတ်မှာ ဒီလိုဖေါ်ပြထားပါတယ်၊ "ဒီနေ့ခေတ်(အင်္ဂလန်)၏ တကယ့်အခြေအနေမှန်သည် အဘယ်သို့နည်း? ယုံကြည်သော၊ ဝတ်ပြုသော ခရစ်ယာန်တို့သည် လက်တဆုပ်စာမျှသာ ကျန်ပါတော့သည်၊ လူဦးရေ၏ ကိုးဆယ်ရာခိုင်နှုန်းနှင့်အထက်သည် ခရစ်ယာန်အကြောင်း အသိပညာကို လုံးဝမသိတော့သလောက်ဖြစ်နေပြီဖြစ်သည်။" အဲဒါဟာ အတော်ဝမ်းနည်းစရာကောင်းတဲ့ သတင်းပါဘဲ။ "လက်တဆုပ်"စာလောက်ဘဲကျန်တဲ့ ယုံကြည်သူတွေထဲမှာလဲ မျိုးစုံသော ယုံကြည်ချက်တွေနဲ့ ကွဲပြားနေကြတာဖြစ်တယ်။ ဒါကြောင့် ရီဖေါ့(မ်)ယုံကြည်ချက်ဆိုတာဘာလဲ? ဆိုတာကို သေချာပြောပြနိုင်ဖို့ အရမ်းလိုနေပါတယ်။

ဘာဖြစ်လို့ ဒီနေ့ခေတ်ဟာ အဲဒီလိုဆိုးရွားနေရတာလဲ? ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ "နောက်ဆုံးသောနေ့ရက်တွေမှာ" နေနေကြတာဖြစ်လို့ဘဲ (တမန် ၂း၁၇ = ဆရာယုဒသန်က "နောင်ကာလ" လို့ဘဲ ဘာသာပြန်ပါတယ် တကယ်က "last days" "နောက်ဆုံးသောနေ့ရက်များ"လို့ ပြန်ရမှာဖြစ်တယ်)။ ၁တိ ၄း၁ မှာပြောတဲ့ နောင်ကာလမှာဆိုရင် ယုံကြည်ခြင်းကို စွန့်ပယ်ကြလိမ့်မယ်ဆိုတာ တကယ့်ကို ဖြစ်နေ ပါပြီ။ လူအများရဲ့ချစ်ခြင်းဟာ "အေးစက်စက်"ဖြစ်လာလိမ့်မယ်လို့လဲ ပြောထားပါတယ် မဿဲ ၂၄း၁၂။ ကမ္ဘာလောကထဲမှာလဲ ရုပ်ဝတ္ထုပစ္စည်းကိုအဓိကထားလွန်းမှု(the gross materialism)က လူမှုဘဝကို အဆိပ်သင့်နေစေပြီဖြစ်တယ်။ ပျော်မြေမှုကို အတောမသတ် တပ်မက်မှုက လူတွေကို အရူးတပိုင်း ဖြစ်နေစေပါပြီ။ တခါတလေ အတော်ဆိုးဆိုးဝါးဝါးတွေဖြစ်နေတာ ကြားနေရပါတယ်။ ဒါ့ကြောင့် ပြောင်လှောင်သူတွေက ဆက်ပြီးတော့ မေးနေကြပါတယ်၊ "သခင်ဘုရားကြွလာမည်ဟူသော ကတိတော်သည် အဘယ်မှာရှိသနည်း? ဘိုးဘေးများသည် အိပ်ပျော်သည်နောက်၊ ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲရှိကြ၏" (၂ပေ ၃း၄)။

အသင်းတော်တွေထဲကအခြေအနေကလဲ အဲဒီလိုဘဲ အတော်ဆိုးဝါးနေပါတယ်။ အမှန်တရားကနေ လမ်းလွဲနေကြတာ နေရာတကာမှာဖြစ်နေတယ်။ အများစုကြီးက "လမ်းဖောင်း"လို့ပြောတဲ့အမှန်တရားမှာ မနေချင်ကြတော့ဘူး (ယေ ၆း၁၆)။ အသင်းတော်ထဲမှာလဲ "သိုးရေခြုံထားတဲ့ဝံပုလွေတွေ"အများကြီးရှိနေပါ တယ် မဿဲ ၇း၁၅။ ကျမ်းစာရဲ့ ကြိုတင်ပြောပြခြင်းတွေဟာ အတိအကျမှန်လာနေပါတယ်၊ "တပည့်တော်များကို သွေးဆောင်ခြင်းငှာ၊ မှားသောစကားများကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်" (တမန် ၂၀း၃၀)။ ပြီးတော့ အသင်းတော်အားလုံးကို တဖွဲ့ထည်းဖြစ်စေဖို့ ကြိုးစားနေခြင်းကလည်း ပို ပြီးပြင်းထန်နေပါတယ်။ ဩဝါဒဆိုတာ ဘာမှအရေးမကြီးဘူးလို့ ပြောနေကြပါတယ်။ သီဩလောဂျီအသစ်ဆိုတာမျိုးတွေ ပေါ်လာနေပါတယ်။ ကြည့်ရတာ သိုးတွေကို ကြောက်လန့်စရာ ဝံပုလွေတွေက အကုန်ကိုက်သတ်ပစ်တော့မလို ထင်စရာရှိနေပါတယ်။ ကျွန်တော်တို့အတွက် စိတ်ချစရာကတော့ သခင်ခရစ်တော်ရဲ့ နှုတ်ကပတ်တော်မှာဘဲ ရှိနေပါတယ်၊ "အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနှုတ်မယူရာ" ယော ၁၀း၂၈။

ဒီလို အတော်စိတ်ဓါတ်ကျစရာကောင်းတဲ့အချိန်မှာ သခင်ခရစ်တော်ရဲ့နှုတ်ကပတ်တော်ဟာ ရှင်းလင်းစွာ၊ ကြယ်လောင်စွာ ပေါ်ထွက်လာနေပါတယ်၊ "ငါသည် တံခါးရှေ့မှာရပ်၍ ခေါက်လျှက်နေ၏"(ဗျာ ၃း၂၀)။ တချိန်တုန်းက သခင်ခရစ်တော်ဟာ လောဒိကိအသင်းတော်ရဲ့တံခါးရှေ့မှာရပ်ပြီး၊ သစ္စာရှိတဲ့ယုံကြည်သူတွေကို မှားယွင်းနေပြီးဖြစ်တဲ့အသင်းတော်ထဲကနေ ထွက်လာခဲ့ကြဖို့ ခေါ်နေသလို၊ ဒီနေ့ချိန်မှာလဲ ကျွန်တော်တို့ကို ခေါ်နေပါတယ်။ ဘုရားသခင့်ရဲ့လူတွေဟာ နှုတ်ကပတ်တော်ကို ဆာလောင်ကြပါတယ်။ အများအပြားဟာ (ဝိညာဉ်)အစာ ငတ်နေကြပါတယ်၊ ကြွေးမဲ့သူ မရှိဘူးဖြစ်နေပါတယ်။ အစာရမဲ့အစား ကျောက်တုံးတွေဘဲ စားနေကြရပါတယ်။ သခင်ခရစ်တော်က အဲဒီလိုနေရာကနေထွက်လာဖို့၊ အမြဲတည်တဲ့ သူ့နှုတ်ကပတ်တော်အနားမှာ သူနဲ့အတူ စားကြဖို့ ခေါ်နေပါတယ်။

ရီဖေါ့(မ်)ယုံကြည်ခြင်းဆိုတာ ဘာလဲ? "ယုံကြည်ခြင်း"လို့ ကျွန်တော်တို့ပြောတာဟာ၊ ကျမ်းစာက သင်ပြနေတဲ့ အမှန်တရားအစုအဝေးကို ဆိုလိုတာဖြစ်ပါတယ်။ ဒါ့ကြောင့် "ရီဖေါ့မ်ယုံကြည်ချက်"ဆိုတာကျမ်းစာကပြောပြတဲ့ ယုံကြည်ခြင်းကို ပြောချင်တာဖြစ်ပါတယ်။ ရီဖေါ့မ်ဆိုတဲ့စကားလုံးကို ကျွန်တော်တို့ဟာ ဘုရားသခင့်နှုတ်ကပတ်တော်က ပြောပြတဲ့အမှန်တရားတွေကနေ တမျိုးမဟုတ်တမျိုး လမ်းလွဲနေကြတဲ့အသင်းတော်တွေနဲ့ ခြားနားဖို့ သုံးတာဖြစ်တယ်။ ကျွန်တော်တို့ဟာ ကျမ်းစာထဲကအမှန်တရားတွေကို စနစ်တကျတင်ပြတဲ့ ခံယူယုံကြည်ချက်တွေဖြစ်တဲ့ ဝဲစ်မင်စတာစံနှုန်းတွေနဲ့၊ သုံးပါးစုံညီယုံကြည်ချက် လို့ခေါ်တဲ့ ဟိုက်ဒဲလ်ဘာ့ဂ်အမေးအဖြေများ၊ ဘဲလ်ဂျစ်ခံယူယုံကြည်ချက်၊ ဒေါ့ထ်စံနှုန်းများက ဖေါ်ပြထားတဲ့အမှန်တရားတွေကို ကိုင်စွဲလက်ခံကြပါတယ်။

ဒါဆိုရင် ရီဖေါ့မ်ယုံကြည်ချက်ဟာ ဘာလဲ?

## ဘုရားသခင်၏အစိုးရတော်မူခြင်း(The Sovereignty of God)

ပထမဆုံးနဲ့အရေးကြီးဆုံးအချက်ကတော့၊ ရီဖေါ့မ်ယုံကြည်ချက်က ဘုရားသခင်ရဲ့အစိုးရတော်မူခြင်းအမှန်တရားကို အထူးပြုတယ်ဆိုတာပါဘဲ။ ဒီလိုပြောတော့ တခြားအဲဒီအမှန်တရားကို သင်တဲ့လူတွေနဲ့ကောကွားခြားမှုရှိပါသလား?လို့မေးမယ်ဆိုရင်။ ခြားနားပါတယ်လို့ဖြေရမှာဖြစ်တယ်။ ရီဖေါ့မ်ဩဝါဒက ဘုရားသခင့်အစိုးရတော်မူခြင်းအမှန်တရားကို ရှေ့နောက်ညီညွတ်စွာ ထိန်းသိမ်းယုံကြည်ပါတယ်။ ခရစ်ယာန်အားလုံးက ဘုရားသခင်ဟာအစိုးရတော်မူတယ်ဆိုတာကို သဘောတူဝန်ခံကြပါတယ်။ ဘုရားသခင်ကအရာခပ်သိမ်းကို အုပ်ချုပ်ပါတယ်။ ဒါပေမဲ့ ခရစ်ယာန်အများက အဲဒီအမှန်တရားနဲ့ဆန့်ကျင်နေတဲ့ ဩဝါဒနဲ့လက်တွေ့လုပ်ဆောင်ခြင်းတွေကို ကျင့်သုံးနေကြပြန်တယ်။ လူသားရဲ့တွေးခေါ်ခြင်းကို ကျေနပ်စေဖို့၊ အတော်များများက လူတိုင်းမှာ "လွတ်လပ်စွာရွေးချယ်နိုင်ခြင်း"ရှိတယ်၊ ဒါ့ကြောင့် သူတို့အလိုရှိသလို ခရစ်တော်ကို ကြိုက်ရင် ယုံနိုင်တယ်၊ မကြိုက်ရင် ငြင်းပယ်နိုင်တယ်လို့ သွန်သင်ကြပါတယ်။ တချို့ကတော့ ခရစ်တော်ဟာ အပြစ် သားရဲ့နှလုံးသားတံခါးအပြင်မှာ ရပ်နေပြီး၊ ဖွင့်ပေးဖို့ ခေါက်နေတယ်၊ ဝင်ခွင့်ရဖို့ ခရစ်တော်က အသနားခံနေ တယ်လို့ သင်ကြပြန်တယ်(မှားယွင်းစွာ ဗျာ ၃း၂၀ကိုကိုးကားတာဖြစ်တယ်)။ တချို့က ရွေးကောက်တော်မူ ခြင်းခံရသူတွေရဲ့အရေအတွက်ကို ဘုရားသခင်က ထာဝရကာလကနေ

ဆုံးဖြတ်ထားတာမဟုတ်ဘူး၊ လူတွေရဲ့ လုပ်ရှားလုပ်ကိုင်မှုအပေါ်မှာဘဲ တည်တယ်လို့ သင်ကြပြန်ပါတယ်။ တချို့က ဘုရားသခင်ဟာ လူတိုင်းကိုချစ် တယ်၊ ဒါပေမဲ့ အဆုံးသတ်မှာကြတော့ တချို့ကို ငရဲထဲချပစ်တယ်လို့ သင်ကြပြန်ပါတယ်။

ရီဖေါ့မ်ယုံကြည်ချက်ကတော့ ဘုရားသခင်ရဲ့အစိုးရတော်မူခြင်းကို ရှေ့နောက်ညီညွတ်စွာ စောင့်ထိန်းပါတယ်။ ဘုရားသခင်က အရာခပ်သိမ်းကို သာမန်(၆)ရက်အတွင်းမှာ ဖန်ဆင်းတယ်(ကမ္ဘာ ၁)။ အဲဒီနောက် သူဖန်ဆင်းတဲ့ စကြာဝဠာကြီးကို အမြဲတမ်း စောင့်ရှောက်ထိန်းသိမ်းတော်မူတယ်။ သူက ကိုယ်ကျင့်တရား တည်ဆောက်ပြီး၊ တွေးခေါ်မျှော်မြင်နိုင်တဲ့ ဖန်ဆင်းခံအားလုံးကိုလဲ လမ်းညွှန်ထိန်းချုပ်တော်မူပါတယ်။ ဘုရားသခင်ဟာ ထာဝရကာလကနေ တချို့ကိုဘဲ သိုးသငယ်ရဲ့အသွေးတော်နဲ့ ကယ်တင်မယ်လို့ ဆုံးဖြတ်တော်မူတယ် (ရွေးကောက်ခြင်းခံရ သူတွေ) ဖေက် ၁း၄။ တခြားသူတွေကိုကျတော့ သူတို့ရဲ့အပြစ်လုပ်ခြင်းလမ်းကြောင်းကနေ ငရဲထဲကို ချပစ်မယ်လို့ ဆုံးဖြတ်တော်မူပါတယ် (ရောမ ၉း၂၂)။ ဘုရားသခင်ဟာသူ့ရဲ့အုပ်ချုပ်တော်မူခြင်းကို ဘယ်လိုအကြောင်းနဲ့မှ၊ ဘာဖြစ်လို့မှ မစွန့်လွှတ်ပါဘူး။ ဒါကြောင့် သခင်ခရစ်တော်ရဲ့အသင်းတော်ရဲ့ ဩဝါဒတွေအားလုံး အဲဒီအချက်နဲ့ ကိုက်ညီမှ မှန်သောဩဝါဒ ဖြစ်ပါမယ်။ အသင်းတော်က လူတွေပြောတဲ့ မှန်၏မှား၏ဆိုတာနဲ့ကိုက်ညီဖို့ ဘုရားသခင်ရဲ့အစိုးရတော်မူခြင်းဩဝါဒကို ကြိုက်သလို ပြောင်းပစ်လို့ မဖြစ်နိုင်ပါဘူး။ အဲဒါနဲ့ဆန့်ကျင်စွာ လူသားရဲ့ခံယူယုံကြည်ချက်ဟာ ဘုရားသခင်ရဲ့အစိုးရတော်မူခြင်းဆိုတဲ့ ကြီးမြတ်လှတဲ့အမှန်တရားနဲ့ ကိုက်ညီနေရမှာဖြစ်တယ်။

## မမှားယွင်းနိုင်သောကျမ်းစာ(The Infallible Scriptures)

ဘုရားသခင်ရဲ့အစိုးရတော်မူခြင်းအသိပညာကို လူသားရဲ့ရှာဖွေတွေ့ရှိမှုကနေ ဆွဲထုတ်ယုံကြည်တာ မဟုတ်ပါဘူး။ ကျမ်းစာပြောပြလို့ယုံကြည်တာဖြစ်တယ်။ ရီဖေါ့မ်ယုံကြည်ချက်က ကျမ်းစာဟာ အမှားမပါဘူးလို့ ယုံကြည်ပါတယ်၊ မှားလဲမမှားနိုင်ဘူး၊ ဘုရားသခင်က မှုတ်သွင်းတော်မူလို့ ကျမ်းစာဖြစ်လာတယ်လို့ ယုံကြည်ပါတယ် (၂တိ ၃း၁၆၊ ယော ၁)။ ဒါ့ကြောင့် ကျမ်းစာကနေ ဘုရားသခင်ဟာ သူ့ကိုယ်သူနဲ့ပတ်သက်လို့ ဘာတွေကို ဖွင့်ပြတော်မူသလဲဆိုတာ သိနိုင်ရတာဖြစ်တယ်။ နှုတ်ကပတ်တော်သာမရှိရင် ကျွန်တော်တို့ဟာ သေချာတဲ့အသိပညာကို ရနိုင်မှာမဟုတ်ပါဘူး။ ကျမ်းစာရှိနေလို့ ကျွန်တော်တို့ဟာ ဘုရားသခင်နဲ့ပတ်သက်တဲ့၊ သူ့ရဲ့သားတော် သခင်ယေရှုခရစ်တော်နဲ့ပတ်သက်တဲ့၊ သူ့အသင်းတော်ကိုကယ်တင်ဖို့ သခင်ခရစ်တော် လုပ်ကိုင်ခဲ့တဲ့အလုပ်တွေနဲ့ပတ်သက်တဲ့ စိတ်ချလောက်သော၊ သေချာသော သက်သေခံချက်ကို ရကြတာဖြစ်တယ်။

## ကျေးဇူးတော်ပဋိညာဉ် (The Covenant of Grace)

ရီဖေါ့မ်ယုံကြည်ချက်က ကြီးမြတ်လှတဲ့အမှန်တရားဖြစ်တဲ့ "ကျေးဇူးတော်ပဋိညာဉ်"ဆိုတာကို ယုံကြည်ပါတယ်။ အဲဒီ "ကျေးဇူးတော်ပဋိညာဉ်"နဲ့ပတ်သက်လို့လဲ၊ အမြင်အမျိုးမျိုးရှိနေပါတယ်။ ဒီစာစောင်မှာ ကျမ်းစာရဲ့သွန်သင်မှုအရ ကျွန်တော်တို့ ဘယ်လိုယုံကြည်သလဲဆိုတာကိုဘဲ တင်ပြမှာဖြစ်တယ်။

ကျေးဇူးတော်ပဋိညာဉ်ကို သုံးပါးတဆူဘုရားဖြစ်ခြင်းရှုထောင့်ကနေ ချည်းကပ်နားလည်ရပါမယ်။ သုံးပါးတဆူဘုရားသခင်(ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်)ဟာ ထာဝရကာလကနေ မိမိကိုယ်ကိုအတွင်းမှာ ပြည့်စုံခြင်းနဲ့တစိတ်တဝမ်းတည်း စကားစမြည်ပြောဆိုတော်မူလျှက် မိတ်သဟာယကိုပြုတော်မူပါတယ်။ လူ့စကားရဲ့ပြောဆိုနိုင်မှုက မမှီတဲ့၊ နားလည်နိုင်စွမ်းထက်ကျော်လွန်တဲ့ မိတ်သဟာယ ဖြစ်တယ်။ အဲဒီလို ဘုရားသခင် မိမိကိုယ်ကိုအတွင်း မိတ်သဟာယပြု စကားစမြည်ပြောဆိုခြင်းဟာ ကျေးဇူးတော်ပဋိညာဉ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်။ သုံးပါးတဆူဘုရားသခင်ဟာ သူ့ရဲ့အတွင်းမှာရှိနေတဲ့ မိတ်သဟာယဖွဲ့ခြင်းရဲ့ ဘုန်းအသရေကို သူ့ရဲ့ပြင်ပကို ထုတ်ဖေါ်ပြီးဖွင့်ပြတော်မူဖို့ ထာဝရကာလကထဲက ဆုံးဖြတ်တော်မူပါတယ်။ အဲဒီလို ဖွင့်ပြတဲ့တဲ့အခါမှာလဲ အမြင့်ဆုံးသောနည်းလမ်းနဲ့မှ ဖွင့်ပြချင်တာဖြစ်တယ်။ သခင်ခရစ်တော်ထံမှာ ထာဝရကာလကထဲက ရွေးကောက်တော်မူတဲ့ လူတစုနဲ့ မိတ်သဟာယဖွဲ့ခြင်းဖြင့်ဖေါ်ပြချင်တာဖြစ်တယ်။

အဲဒီဘုရားသခင်ရဲ့လုပ်ကိုင်တော်မူခြင်းကို သေချာစွာနားလည်ခြင်းက၊ ကျမ်းစာထဲက အံ့ဩစရာ အမှန်တရားများကိုနားလည်ခြင်းနဲ့ တွဲဖက်နေပါတယ်။ ဘုရားသခင့်နှုတ်ကပတ်တော်က အဲဒီပဋိညာဉ်ဟာ "တဖက်သတ်ဖြစ်တယ်"(unilateral)လို့ ပြောပြပါတယ်။ အဲဒါကတော့ အုပ်စုနှစ်စု သဘောတူညီမှုအားဖြင့် မဟုတ်ဘဲ၊ ဘုရားသခင်ကိုယ်တော်တိုင်က တိုက်ရိုက်ပြုလုပ်တာဖြစ်တယ်လို့ ပြောချင်တာဖြစ်တယ် (ကမ္ဘာ၁၅း ၁၇–၁၈)။ ဘုရားသခင်က သူ့လူတွေထံမှာ ပြုတော်မူတာဖြစ်တဲ့အတွက် အဲဒီပဋိညာဉ်ဟာ မကျိုးပြတ်နိုင်ပါဘူး၊ ထာဝရတည်ရှိမှာဖြစ်တယ် (ကမ္ဘာ ၁၇း၇)။ ဒီပဋိညာဉ်ဟာ ဘုရားသခင်က သူ့လူတွေကို ကောင်းကင်ဘုံခေါ်ဖို့ အသုံးပြုတဲ့ နည်းလမ်းတခု မဟုတ်ပါဘူး။ ဘုရားသခင့်စိတ်ထဲမှာ ထားတော်မူတဲ့ ရည်ရွယ်ချက်၊ ရည်မှန်းချက် ဖြစ်တော်မူပါတယ် (ကမ္ဘာ ၁၇း၇)။ ဒီပဋိညာဉ်ကို ဘုရားသခင်က ဆွေစဉ်မျိုးဆက်အတွင်းမှာ အစဉ်အဆက် တည်ထောင်ဖို့ စိတ်နှလုံးတွေ့တော်မူပါတယ်(ကမ္ဘာ ၁၇း၇)။ ဒီအမှန်တရားကို "ဘုရားသခင်ဟာ သူ့အမျိုးအနွယ်ကို ကျွန်တော်တို့မျိုးနွယ်ကနေ စုသိမ်းတော်မူတယ်"လို့ မှန်ကန်စွာ ပြောလေ့ရှိကြပါတယ်(He gathers His seed from our seed.)။ ယုံကြည်သူမိဘတွေကနေ မွေးသမျှကလေးတွေတော့ ပဋိညာဉ်ထဲမှာ မပါကြပါဘူး။ ဒါပေမဲ့ ဝိညာဉ်ရေးရာမျိုးနွယ်တွေတော့ ပါကြပါတယ် (ရောမ ၉း၇)။ တခြားလူတွေကို ဘုရားသခင်ဟာ မယုံကြည်သူတွေထဲကနေ ခေါ်ဆောင်လာပါတယ်၊ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူတို့ရဲ့ သားသမီးတွေကနေတဆင့်ဘဲ သူ့လူတွေကို စုသိမ်းတော်မူပြန်ပါတယ်(တမန် ၁၆း၂၇–၃၃)။

## ကဲလ်ဗင်းဩဝါဒငါးရပ်(The Five Points of Calvinism)

ရီဖော့မ်ယုံကြည်ချက်ဟာ တခါတရံ "ကဲလ်ဗင်းဩဝါဒငါးရပ်"နဲ့ ဆက်နွယ်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ရီဖော့မ်ယုံကြည်ချက်ဆိုတာ အဲဒီ ကဲလ်ဗင်းဩဝါဒငါးရပ်ကလေးဘဲတော့ လုံးဝမဟုတ်ပါဘူး၊ အဲဒါထက် အများကြီးကြယ်ပြန့်ပါတယ်။ အဲဒီ အချက်ငါးချက်က ဘာကို ပြောပြသလဲဆိုရင်၊ ဒီနေ့ခေတ် ဖန်တာမင်းတဲလ်အသင်းတော်အများစု(fundamentalist churches)ကို လွှမ်းမိုးနေတဲ့ အာမီးနီးယန်းဩဝါဒ(Arminianism)ဟာ ရီဖော့မ်ဩဝါဒနဲ့ မတူဘူးလို့ ပြောပြနေပါတယ်။

အဲဒီငါးချက်ကို အတိုကောက်နဲ့ဆိုရင် TULIP လို့မှတ်သားနိုင်ပါတယ်။ T ကဘာကိုပြောချင်သလဲဆိုတော့ "လုံးလုံးလျားလျားပျက်ဆီးနေခြင်း"( total depravity)ကိုဖြစ်တယ်။ ကျမ်းစာက လူဟာ မွေးကထဲက အပြစ်ထဲမှာသေနေတယ်လို့ပြောပါတယ်။ ကောင်းမြတ်ခြင်းနဲ့ပတ်သက်တဲ့ ဘာကိုမဆို မလုပ်နိုင်ဘူး၊ လုပ်လဲ မလုပ်ချင်ပါဘူး (ရော ၃း၁၀)။ အားလုံးဟာ အာဒံအပြစ်ကြောင့် အပြစ်သားတွေဖြစ်လာတယ် (ရော ၅း၁၂)။ လူတိုင်း သဘာဝအားဖြင့် ဘုရားသခင့်ပညတ်တော်တွေကို ချိုးဖေါက်ကြပါတယ် (ရော ၃း၂၃)။ ဒီအချက်ကနေ နိဂုံးချုပ်မှုအတော်များများကို ချမှတ်နိုင်ပါတယ်။ ခရစ်တော်အားဖြင့် ကယ်တင်ခြင်းရမယ်ဆိုတာကို အပြစ်သားထံ သွာတင်ပြယုံ(offer)မဖြစ်နိုင်ပါဘူး။ လူတယောက်ကို ခရစ်တော်ကိုလက်ခံဖို့၊ နှလုံးသားမှာနေရာပေးဖို့ ခေါ်ဖိတ်(invited)ယုံကလေးနဲ့ မဖြစ်နိုင်ပါဘူး။ သူ့အခြေအနေက သေနေတာကိုး၊ ဝိညာဉ်ရေးရာမှာ သေနေတဲ့လူကို လှုပ်ရှားခိုင်းလို့ မရနိုင်ပါဘူး။

U ကဘာကိုပြောချင်သလဲဆိုရင် ချွင်းချက်မဲ့ရွေးကောက်ခြင်း( unconditional election)ကိုဖြစ်တယ်။ ကမ္ဘာလောကကြီးမရှိခင်ကထဲက ဘုရားသခင်ဟာ သူ့အတွက် လူတစုကို ခရစ်တော်၌ ရွေးကောက်တော်မူပါတယ်(ဧဖက် ၁း၄)။ အဲဒီအမှန်တရားနဲ့အတူ ဘုရားသခင်ဟာ တခြားသူတွေကို သူတို့ရဲ့အပြစ်တွေလုပ်ကိုင်တဲ့လမ်းကြောင်းကနေ ငရဲထဲချပစ်လိုက်ဖို့ ဆုံးဖြတ်တော်မူပါတယ်(ရော ၉း၂၁–၂၂)။ ဒီ ထာဝရ ရွေးကောက်တော်မူခြင်းဟာ "ချွင်းချက်မဲ့"ဖြစ်တယ်လို့ ပြောတဲ့အခါ၊ အဓိပ္ပါယ်ကတော့ ဘုရားသခင်ဟာ လူတယောက်ကို သူယုံကြည်လာမယ်တိုတာကိုသိလို့ ရွေးကောက်တာမဟုတ်ဘူး၊ အဲဒါနဲ့ဆန့်ကျင်စွာ လူယောက်ဘုရားသခင်ကို ယုံကြည်လာတာဟာ သူ့ကို ဘုရားသခင်က ရွေးကောက်ထားလို့သာဖြစ်တယ်လို့ ဆိုလိုတာဖြစ်တယ် (ယော ၁၀း၂၆၊ ရော ၈း၂၉–၃၀)။

L က ဘာကိုပြောချင်သလဲဆိုရင် အကန့်အသတ်နှင့်ဖြစ်သောအပြစ်မှခွင့်လွှတ်ခံရခြင်း( limited atonement)ကို ဖြစ်တယ်။ အပြစ်မှခွင့်လွှတ်ခံရခြင်းဆိုတာဟာ သခင်ခရစ်တော်က သူ့လူတွေရဲ့အပြစ်တွေအတွက် ပေးဆပ်ပေးတာကြောင့်ဖြစ်တယ် (မဿဲ ၁း၂၁)။ "အကန့်အသတ်"နဲ့ဖြစ်တယ်ပြောလို့၊ သခင်ခရစ်

တော်ရဲ့ အပြစ်မှခွင့်လွှတ်ခြင်းရအောင် လုပ်ပေးခြင်းမှာ လိုအပ်ချက်တွေရှိနေတယ်လို့ ပြောတာမဟုတ်ပါဘူး။ ဆိုလိုချင်တာက ကျမ်းစာကပြောသလို၊ အပြစ်မှခွင့်လွှတ်ခံရခြင်းဟာ ဘုရားသခင်ရဲ့ရွေးကောက်ခံရတဲ့သူတွေ အတွက်သာ ဖြစ်တယ်လို့ ပြောချင်တာဖြစ်တယ် (ယော ၆း၄၄)။

I က ဘာကိုပြောချင်သလဲဆိုရင် ခုခံတားဆီး၍မရသောကျေးဇူးတော်(irresistible grace)ကို ဖြစ်တယ်။ ဘုရားသခင်က သူ့လူတွေကို သူ့ထံကို ခေါ်တော်မူတဲ့အခါ၊ သူ့လူတွေဟာ လာကိုလာကြပါတယ် ဆိုတာကို အထူးပြုတာဖြစ်တယ် (ယော ၆း၃၇)။ မလာချင့်လာချင်နဲ့ လာကြတာမဟုတ်ပါဘူး၊ တကယ့်ကို လိုချင်စွာနဲ့ လာကြပါတယ် (ယော ၆း၃၇)။ ဘုရားသခင့်ကျေးဇူးတော်မှာ တန်ခိုးစွမ်းအားရှိပါတယ်၊ အဲဒီတန်ခိုးက ရွေးကောက်ခြင်းခံရသူတွေရဲ့စိတ်ဆန္ဒကို လိုချင်လာအောင် ပြုတော်မူပေးပါတယ်။

P က ဘာကိုပြောချင်သလဲဆိုတော့ ယုံကြည်သူတို့ကို စောင့်ရှောက်ထိန်းသိမ်းခြင်း( preservation of saints)ကိုဖြစ်ပါတယ်။ အဓိပ္ပါယ်ကတော့ ရွေးကောက်ခြင်းခံရသူ၊ ခေါ်ခြင်းခံရသူ၊ သခင်ယေရှုခရစ်တော်ထံ သွေးဆောင်ခြင်းခံရသူဟာ အမြဲတမ်း ယုံကြည်ခြင်းထဲမှာ ရှိနေမှာဖြစ်ပြီး၊ ကောင်းကင်ဘုံကို အသေအချာ ရောက်မှာဖြစ်တယ်လို့ ပြောချင်တာဖြစ်တယ်။ အဲဒီယုံကြည်သူတွေဟာ အတော်ကြီးကြီးမားမား အပြစ်ပြုမိတတ်ကြသလို၊ အပြစ်ထဲကိုလဲ ကျဆုံးနိုင်ကြပါသေးတယ်၊ ဒါပေမဲ့ ဘုရားသခင်က သူတို့ကို သူ့ထံ ပြန်ခေါ်မှာဖြစ်တယ်။ ခရစ်တော်က သူတို့အတွက်လို့ အသေခံပေးထားတဲ့သူတွေထဲမှာ ပါနေသူဟာအမြဲတမ်း ကယ်တင်ခြင်းခံရမှာဖြစ်တယ် (ဖိလိ ၁း၆၊ ရော ၈း၂၉-၃၀)။

## ကျေးဇူးတော်ဩဝါဒများ( The Doctrines of Grace)

ရီဖေါ့မ်ယုံကြည်ချက်က "ကျေးဇူးတော်ဩဝါဒများ"ကို စွဲစွဲမြဲမြဲ ကိုင်စွဲယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမ်းစာက အဲဒါတွေကို သင်ပေးလို့ဖြစ်ပါတယ်။ အဲဒီစကားလုံးကိုသုံးရတာ ဘာဖြစ်လို့လဲဆိုတော့ ကယ်တင်ခြင်းဆိုတာ အစကနေအဆုံး ဘုရားသခင်ပြုတော်မူပေးတာဆိုတဲ့အချက်ကို အထူးပြုချင်လို့ဖြစ်တယ်။ လူသားလုပ်တာမဟုတ်ဘူး၊ လူသားနဲ့ဘုရားတွဲပြီးလုပ်တာလဲ မဟုတ်ဘူး။ ကျွန်တော်တို့ဟာ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြတာဖြစ်ပါတယ် (ရော ၃း၂၄)။ အဲဒီလို ဖြောင့်မတ်၏ခြင်းသို့ ရောက်ကြသူတွေရဲ့အပြစ်အားလုံးအတွက် သခင်ယေရှုရဲ့တန်ဖိုးကြီးလှတဲ့အသွေးတော်က ပေးဆပ်ပေးပြီးဖြစ်ပါတယ် (ရော ၅း၁)။ သခင်ခရစ်တော်က ကိုယ်စားအသေခံပေးတဲ့သူတွေဟာလဲ ဘုရားသခင်က ထာဝရကာလကနေ ရွေးကောက်ထားသူတွေဖြစ်တယ်။ ကယ်တင်ခြင်းဆိုတာ လူလုပ်တာ မပါဘူး၊ အစိုးရတော်မူသောဘုရားသခင်ရဲ့ လုပ်ပေးတော်မူခြင်းသက်သက်ဖြစ်ပါတယ်။ ဒါကြောင့် ကြွားစရာ အခန်းကဏ္ဍ မရှိနိုင်ပါဘူး (ဧဖက် ၂း၉)။

## ကလေးငယ်များကိုဗတ္တိဇံပေးခြင်း( Infant Baptism)

ရီဖေါ့မ်ယုံကြည်ချက်က ယုံကြည်သူတွေရဲ့ သားသမီးတွေကို ဗတ္တိဇံပေးခြင်းကို ယုံကြည်ပါတယ်။ ရီဖေါ့မ်ယုံကြည်သူတွေက အဲဒီကျင့်သုံးမှုကို ဂျွန်ကဲလ်ဗင်းလက်ထက်ကနေ(၁၆ ရာစု) ဒီနေ့ထိ စွဲစွဲမြဲမြဲကျင့်သုံးနေပါတယ်။ အဲဒီအမှန်တရားဟာ ဘုရားသခင်ရဲ့ပဋိညာဉ်အမှန်တရားအပေါ်မှာ တည်မှီနေပါတယ်။ ပဋိညာဉ်ကို ယုံကြည်သူတွေရဲ့ ဆွေစဉ်မျိုးဆက်တလျှောက် တည်တော်မူတဲ့အတွက်ဖြစ်တယ်။ ဗတ္တိဇံပေးသမျှတော့ ကယ်တင်ခြင်းမရကြပါဘူး (ဥပမာ – ဧသော၊ အရေဖျားလှီးခြင်းမင်္ဂလာကို ခံရပေမဲ့ ကယ်တင်ခြင်းမရပါဘူး၊ ရော ၉း၁၃)။ ဒါပေမဲ့ ဘုရားသခင်ဟာ သူ့ပဋိညာဉ်ကို မျိုးနွယ်ဆက်တလျှောက်မှာ တည်ထားတော်မူပါတယ် (ကမ္ဘာ ၁၇း၇၊ တမန် ၂း၃၉)။ အဲဒီ ကလေးတွေဟာ ပဋိညာဉ်ရဲ့ တံဆိပ်လက္ခဏာကို ရရှိကြပါတယ်၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တယ်ဆိုတဲ့ တံဆိပ်လက္ခဏာကိုလည်း ရရှိကြပါတယ်။ အဲဒီလို ကျင့်သုံးမှုမျိုးဟာ တမန်တော်များရဲ့ ကျင့်သုံးမှုနဲ့လဲ ကိုက်ညီပါတယ်၊ တမန်တော်များဟာ ယုံကြည်သူတို့နဲ့ သူတို့မိသားတစုလုံးကို ဗတ္တိဇံပေးခဲ့ကြပါတယ် (တမန် ၁၆း၁၅၊ ၁ကော ၁း၁၆၊ တမန် ၁၁း၁၄၊ ၁၆း၃၁)။

## ခံယူယုံကြည်ချက်များ( Creeds)

ရီဖေါ့မ်ယုံကြည်ချက်က ကျမ်းစာထဲကအမှန်တရားတွေကို စနစ်တကျ ဖေါ်ပြတဲ့ ခံယူယုံကြည်ချက်တွေကို လက်ခံယုံကြည်ပါတယ်။ ခံယူယုံကြည်ချက်တွေကို မမှားနိုင်သောအရာများလို့တော့ မယူဆကြပါ ဘူး။ ဒါပေမဲ့ ခံယူယုံကြည်ချက်တွေက၊ ရီဖေါ့မ်အသင်းတော် ဟုတ်မဟုတ်ကို ခြားနားစေပါတယ်။ ရီဖေါ့မ်ယုံကြည်သူတွေဟာ ကျမ်းစာနဲ့ကိုက်ညီစွာ သူတို့ဘာကိုယုံကြည်သလဲဆိုတာကို ခံယူယုံကြည်ချက်တွေထဲမှာ ရေးသားဖေါ်ထုတ်ကြပါတယ်၊ တခါတရံ ရှုန်ကန်းခြင်းအမြောက်အများကိုခံကြရပြီးမှ၊ နှိပ်စက်ညှင်းဆဲခြင်းတွေကို အပြင်းအထန် ခံစားနေရတဲ့ကြားထဲက ရေးသားခဲ့ကြတာဖြစ်ပါတယ်။ ခံယူယုံကြည်ချက်တွေက ရီဖေါ့မ်ယုံကြည်ချက်နဲ့ တခြားယုံကြည်ချက်တွေ ဘယ်လိုခြားနားကြောင်း ညွှန်ပြနေပါတယ်။ ခံယူယုံကြည်ချက်တွေကတဆင့် ယုံကြည်သူတွေရဲ့သားသမီးတွေဟာ ကျမ်းစာရဲ့ဩဝါဒတွေကို သင်ယူကြရပါတယ်။ ခံယူယုံကြည်ချက်တွေကတဆင့် အသင်းတော်များဟာ သူတို့ ဘာကိုယုံကြည်တယ်၊ ဘာကိုသင်ပေးတယ် ဆိုတာ တကမ္ဘာလုံးကို ပြသကြပါတယ်။

## ဝတ်ပြုခြင်း( Worship)

ရီဖေါ့မ်ယုံကြည်ချက်က အပတ်တိုင်းဥပုသ်နေ့(တနင်္ဂနွေနေ့)မှာ အမြဲတမ်း ဝတ်ပြုကိုးကွယ်ဖို့ လိုအပ်တယ်လို့ ယုံကြည်ပါတယ်။ အဲဒီလို ဘုရားသခင်ကို ပုံမှန်အမြဲတမ်းကိုးကွယ်ခြင်းကို လစ်လျူရှုတာမျိုး၊ အရေးမကြီးဘူးလို့ သတ်မှတ်တာမျိုးကို လက်မခံပါဘူး။ ရီဖေါ့မ်ယုံကြည်သူတွေဟာ အဲဒါနဲ့ပြောင်းပြန် ပညတ်တော်နံပတ်လေးကပြောတာကို လိုက်နာတဲ့အနေနဲ့ ဝမ်းမြောက်စွာ ဥပုသ်တော်နေ့မှာ ဘုရားသခင်ကို အတူတကွစုရုံးပြီး ဝတ်ပြုကြပါတယ်၊ ကျမ်းစာကို သင်ကြပါတယ်။ အဲဒီလိုစုရုံးကြတဲ့အခါမှာ ဖျော်ဖြေမှုတခုအတွက် လာကြတာမဟုတ်ပါဘူး၊ ဘုရားသခင့်နာမတော်ကို တခြားအမည်နာမတွေအားလုံးထက် ချီးမြှောက်ဖို့လာကြတာဖြစ်ပါတယ်။

ရီဖေါ့မ်ယုံကြည်ချက်က ဝတ်ပြုရာမှာ နှုတ်ကပတ်တော်ဟောကြားခြင်းဟာ အဓိကဖြစ်တယ်လို့ ယုံကြည်ပါတယ်။ အဲဒီနှုတ်ကပတ်တော်ဟောကြားခြင်းဟာလဲ အသင်းတော်ထဲကနေ ဘုရားသခင်က သူ့အမှုတော်ဆောင်ဖို့ ခေါ်တော်မူတဲ့ ယောကျ်ားအသင်းသားတွေထံကနေဘဲ လာရမှာဖြစ်တယ်လို့ ယုံကြည်ပါတယ် (ရော ၁၀း၁၅)။ တရားဟောခြင်းဟာ ဝတ်ပြုခြင်းရဲ့ဗဟိုနေရာမှာရှိတယ်၊ ကျမ်းစာက တရားဟောခြင်းကို “ဒေသနာတော်မိုက်မဲခြင်း”( foolishness of preaching)လို့ခေါ်ပါတယ်(၁ကော ၁း၂၁)၊ ဒါပေမဲ့ တချိန်ထဲ မှာဘဲ အဲဒါဟာ အပြစ်သားတွေကိုကယ်တင်ဖို့၊ ယုံကြည်သူတွေကို ခွန်အားရစေဖို့ ဘုရားသခင်ချမှတ်ထား တဲ့ နည်းလမ်း ဖြစ်ပါတယ် (ရော ၁၀း၁၄)။

## ဘုရားသခင်အားကြောက်ရွံ့ရိုသေစွာအသက်ရှင်ခြင်း( Godly Life)

ရီဖေါ့မ်ယုံကြည်ချက်က လူတွေကို နမောနမဲ့နေခြင်း၊ ဆိုးညစ်စွာအသက်ရှင်ခြင်းကို မရောက်စေဘူး။ “ကျေးဇူးတော်ပိုများအောင် အပြစ်များများလုပ်ရမယ်”လို့ လုံးဝမသင်ပါဘူး(ရော ၆း၁)။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားသခင်က ထာဝရကာလကနေ ရွေးကောက်တယ်၊ သခင်ခရစ်တော်က သူ့အတွက်အသေခံပေးတယ်၊ ဒါ့ကြောင့် အဲဒီလူထံမှာ ဘုရားသခင်ကိုကြောက်ရွံ့ရိုသေစွာအသက်ရှင်ခြင်းဆိုတဲ့ အသီးအပွင့် ရှိကိုရှိမှာ ဖြစ်တယ်။ စစ်မှန်စွာဘုရားသခင်ကို ကျေးဇူးတင်တတ်ခြင်း ရှိကိုရှိရမှာဖြစ်တယ်၊ အဲဒါတွေမရှိရင် ထာဝရရွေးကောက်ခံရခြင်း ဆိုတဲ့လက္ခဏာ မရှိလို့ဘဲဖြစ်တယ်။ ဘုရားသခင်ဟာ သူ့လူတွေကို ကောင်းမြတ်စွာ ကျင့်ဆောင်ဖို့ ရွေးကောက်တာဖြစ်တယ် (ဖေက် ၂း၁၀)။ ဘုရားသခင့်ရှေ့တော်မှောက်မှာ သန့်ရှင်းပြီး၊ အပြစ်တင်စရာမရှိအောင်လို့ ခေါ်တာဖြစ်တယ် (ဖေက် ၁း၄)။ အလင်းနဲ့မှောင်မိုက် ပေါင်းဘော်ခြင်းဆိုတာ မရှိနိုင်ဘူး၊ ခရစ်ယာန်နဲ့လောကကြီး ပေါင်းဘော်တာ မရှိနိုင်ဘူး (၂ကော ၆း၁၄)။ “ဆန့်ကျင်တိုက်လှန်သောအသက်ရှင်မှု”ကို တွေ့နေရမှာဖြစ်တယ်။ ကောင်းမြတ်ခြင်းနဲ့ဆိုးညစ်ခြင်းတို့ရဲ့ခြားနားမှုကို ခရစ်ယာန်တယောက်ရဲ့အသက်တာမှာ တွေ့နေရမှာဖြစ်တယ်။

**သာသနာပြုခြင်း**( Mission)

ရီဖေါ့မ်ယုံကြည်ချက်က အသင်းတော်ရဲ့တာဝန်ဟာ တလောကလုံးကိုသွားပြီး၊ ဧဝံဂေလိတရားဟောကြားဖို့ဆိုတာကို အခိုင်အမာ ယုံကြည်ပါတယ်။ အသင်းတော်ရဲ့အဲဒီတာဝန်ကို လစ်လျူရှုကြတဲ့ "အစွန်းရောက်ကဲလ်ဗင်းဝါဒီ"(hyper-Calvinism)တွေနဲ့မတူပါဘူး။ သခင်ယေရှုကိုယ်တော်တိုင်က တပည့်တော်တွေစီမှာ၊ အသင်းတော်ထံမှာ၊ တကမ္ဘာလုံးကိုသွားပြီး ဧဝံဂေလိတရားဟောဖို့ မှာထားတာဖြစ်တယ် (မဿဲ ၂၈း၁၉)။ ဘုရားသခင်ဟာ သူထာဝရကာလကနေ ရွေးကောက်တော်မူတဲ့သူတွေကို ကယ်တင်တော်မူမယ်ဆိုတာ အင်မတန်သေချာပါတယ်၊ အဲဒီလိုကယ်တင်တဲ့အခါ ဧဝံဂေလိတရားကို အသင်းတော်ထဲမှာရော၊ သာသနာပြုနယ်မြေမှာပါ သစ္စာရှိစွာဟောပြောခြင်းဖြင့် ကယ်တင်တော်မူမယ်လို့ ဘုရားသခင်က ဆုံးဖြတ်တော်မူပါတယ်။ ဘုရားသခင်ကသာ သူ့လူတွေကို သိတော်မူပါတယ်။ အသင်းတော်ဟာ သခင်ခရစ်တော်မိန့်တော်မူတဲ့အတိုင်း ဧဝံဂေလိထွက်ဟောပြီးတော့ ဘုရားသခင်ရွေးကောက်တဲ့လူတွေ သခင်ယေရှုခရစ်တော်ရဲ့လက်ဝါးကပ်တိုင်အောက်ကို ရောက်စေတာဖြစ်ပါတယ်။

**သခင်ခရစ်တော်ပြန်လာခြင်း**(Christ's return)

ရီဖေါ့မ်ယုံကြည်ချက်က ယုံကြည်စိတ်ချစွာ သခင်ယေရှုခရစ်တော် ကောင်းကင်ဘုံကနေ မကြာမီပြန်လာမှာကို စောင့်မျှော်ပါတယ်။ မဿဲ ၂၄ မှာ သခင်ခရစ်တော်က သူပြန်လာခါနီးဖြစ်မဲ့ နိမိတ်လက္ခဏာများကို ပြောပြပါတယ်။ အဲဒီ နိမိတ်လက္ခဏာတွေ ဒီနေ့ခေတ်မှာ ပြည့်စုံလာနေတာကို တွေ့နေရပါတယ်။ ပြန်လာမယ့်နေရက်အတိအကျကိုတော့ မသိကြပေမဲ့ သိပ်တော့မဝေးတော့ဘူးဆိုတာ သေချာပါတယ်။ အဲဒါကြောင့် အသင်းတော်ဟာ ကိုယ်လုပ်ရမဲ့တာဝန်ကို အဆုံးတိုင်သစ္စာရှိစွာ ဆက်လုပ်နေဖို့ တွန်းအားကို ပေးပါတယ်။ သေချာစွာတရားဟောရမယ်၊ ဧဝံဂေလိဝေငှရမယ်၊ နောင်ရောက်လာမဲ့ ဆိုးညစ်တဲ့နေ့တွေအတွက် ကလေးတွေကို သေချာစွာသင်ပေးရမယ်၊ ဒါမှ သူတို့ခံနိုင်မှာဖြစ်တယ်။ ပြီးတော့ "သခင်ခရစ်တော်အမြန်ပြန်လာပါလို့ ဆုတောင်းရမှာဖြစ်တယ် (ဗျာ ၂၂း၂၀)။

အထက်ကဖေါ်ပြတာတွေဟာ အားလုံးကိုအပြည့်အဝမဖေါ်ပြနိုင်ပေမဲ့ အဓိကအချက်တွေဖြစ်တယ်။ ဒါတွေအားဖြင့် အမှန်နဲ့အမှားကို ခွဲခြားနိုင်မှာဖြစ်တယ်။ ခေတ်အဆက်ဆက်က အသင်းတော်ဟာ ဒီအမှန်တရားတွေကို တန်ဖိုးထားကြလို့ မိမိတို့အသက်များကိုပင် ပေးဆပ်ခဲ့ကြပါတယ်။